ဒါပေမဲ့...." "ပူး......" ကားဆရာသည် ... `ဒါပေမဲ့´ ဟူသော စကားနှင့်အတူ စကား ခေတ္တ ရပ်သွား သည့် နည်းတူ ပင့်သက်ချသံကိုလည်း ကြားရသဖြင့် စာရေးသူ စိတ်မကောင်း စွာ ဖြစ်မိရာမှ အားနာသော်လည်း စကား မဆက်ခင် ကြားဖြတ်စကား မေးလိုက်မိသည်။ "စကားဖြတ် ပြောလို့ စိတ်တော့ မရှိနဲ့နော်၊ အစ်ကို ပြောတဲ့ `ဒါပေမဲ့´ ဆိုတာက ဘာဖြစ်လို့လည်း ကျွန်တော် သိလို့ရမလား" "ဒီလိုပါ ဆရာ.... ကျွန်တော့်ကို မိဘတွေက ထပ်တူထပ်မျှ ပြောဆို ဆုံးမ ခဲ့ကြပေမဲ့ တကယ် လက်တွေ့မှာတော့ မိဘစကားကိုလည်း ကျွန်တော် နားမထောင်ခဲ့သလို၊ လက်တွေ့မှာ ဘုရားကိုလည်း ကိုးစားခြင်း မရှိခဲ့ပါဘူး" ကားသမားသည် သူ၏ ရင်တွင်း ဖြစ်ပေါ်နေသော ပရိဂေဒ သောက အဖြာဖြာကို စာရေး သူအား ရင်ဖွင့် ပြောကြားနေပါသည်။ တစိမ်းတရံဖြစ်သော်လည်း ရင်ဖွင့်နေခြင်းက ဓမ္မ ဆရာ ဖြစ်၍ပင် ဖြစ်မည်ဟု စာရေးသူ ယုံကြည်မိသည့်အတိုင်း တိတ်ဆိတ်စွာဖြင့် နားထောင် ပေးနေမိသည်။ "ဆရာရေ.... ကျွန်တော် မနက်မှ ညခင်းအထိ ကားမောင်းပြီး အိမ်ပြန် ရောက်တော့ ဘယ်လိုနေသလဲ ဆိုတာ အခု ဆရာနှင့် စကားပြောရင်း ပြန်သတိရမှ ရယ်မောစရာ ဖြစ်နေမှန်းသိတော့တယ်" "ဘယ်လိုဖြစ်လို့လည်း ကျွန်တော့်စကားမှာ အမှား မပါဘူးလို့တော့ ထင်တယ်၊ အမှား ပါသွားရင်လည်း ခွင့်လွှတ်ပါနော်" "မဟုတ်ပါဘူးဆရာ... ဒီလို လေ ဆရာက `မနက်ဖြန်ကို အမှီပြု၍ မဂါကြွားနှင့်´ ဘုရားကို မမေ့နှင့် ဆိုတာကိုပါ.. ကျွန်တော် အိပ်ပြန်ရောက်ရင် ချက်ခြင်း ထမင်း မစား ရဘူး ဆရာ ရေ့..." "ဘာဖြစ်လို့လည်း အမျိုးသမီးက အိမ်မှာ မရှိဘူးလား၊ နေ မကောင်းလို့လား" "မဟုတ်ဘူးဆရာ... အိမ်ရောက်ရင်... ကျွန်တော့် အမျိုး သမီးက ကိုရီးယား ကားကို ကြည့်နေတတ်တယ်... အဲ့ ကြော်ငြာ မဂင်မချင်း ကျွန်တော့် အတွက် အခွင့်အရေး မရှိဘူး၊ ကြော်ငြာ ဂင်တော့မှ တီဗွီရှေ့က ထပြီး ကျွန်တော့် အတွက် ထမင်းပိုင်းကို ပြင်ပေးတာ" ဟုသူ၏ အိမ်ထောင်ရေးအကြောင်းကို အခြေခံ လျှက် စာရေးသူသည် "အိမ်ထောင်မှာ မေတ္တာ" ဆိုသော ဓမ္မတေးကလေးကို ရွတ် ပြရင်း၊ ဘုရားသခင်၏ မေတ္တာတော် အကြောင်းကို နီးနှောဖလှယ်ဖြစ်ကြသည်။ သည်လိုနှင့် ခဝဲခြံသို့ ရောက်သောအခါတွင် ကား ပေါ်မှအဆင်း၊ တက္ကစီခ နှစ်ထောင်ကို ထုတ်အပေး.... " အစ်ကို... ကျွန်တော် ပြောသလို ..ဘုရားကို ဦးစား ပေးပါနော်။ အစ်ကို့ အမျိုးသမီးက အစ်ကို့ထက် ကိုးရီးယား ကားကို ဦးစားပေးသလို အစ်ကိုကလဲ ဘုရားသခင်ထက် အခြားသော အရာတွေကို ဦးစားပေးသလို ဖြစ်နေရင် တော့ ဘုရားလည်း ကျေနပ်နိုင်မယ် မထင်ဘူး" "ဟာဗျာ ...ဆရာ ကလည်း ပေါက်ပေါက်ရှာရှာ" "ပေါက်ပေါက်ရှာရှာ ဖြစ်ပေမဲ့ မှန်နေတယ် မဟုတ် လား" "ဟဲ...ဟဲ....." ကားဆရာသည် ရယ်ရယ်မောမောနှင့် သူ့စကားနှင့်သူ သဘော ကျကာ ရယ်မောလျှက်ရှိသည်။ "ဆရာရယ် ဒီနေ့ ဆရာ့ကို လိုက်ပို့ရတာ အရမ်း ကျေးဇူး တင်တယ်။ ဒီနေ့တော့ ကျွန်တော် အမှုတော်မြတ်အတွက် ပါဂင်တယ်လို့ပဲ လက်ခံ လိုက်ပါ ဆရာ။ ပိုက်ဆံကို မယူတော့ပါဘူး၊ ဆရာပြောတဲ့ မဿဲ ၆း၃၃ ကိုလည်း ကျွန်တော် ကောင်း ကောင်း နားလည်သွားပါပြီ" "ပူး......" ငြိမ့်ညောင်းစွာ ထွက်သွားသော တက္ကစီကို သူ ငေးမောကြည့်နေရင်း ဘုရား သခင်၏ ရင်တွင်းတွင်လည်း ငြိမ့်ညောင်းသာယာသော သံစဉ်များ လွင့်ပျံနေ ပေတော့ မည်.........။ Samuel Soe Lwin

---

**ကြဲသည့်အတိုင်း** chit lin lay

အလွဲ မယူကြနှင့်၊ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ မိမိ ဇာတိပကတိ၌ မျိုးစေ့ ကြဲသော သူ သည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်း အသီးအနှံကို ရိတ်ရ လိမ့်မည်။ ဂလာတိ ၆း၇-၈

လွန်ခဲ့သော ရက်ပိုင်းအတွင်း အိမ်အလုပ်သမ တစ်ယောက် ပြူတင်းပေါက် ဘောင်ပေါ် ကိုတက်ကာ သန့်ရှင်းရေးလုပ်ရင်း နှစ်ထပ်တိုက်ပေါ်က ပြုတ်ကျကာ ခြေထောက် ကျိုးပြီး အိမ်ပြန်သွားရကြောင်း သတင်းကြားရသောအခါ ကျနော် စိတ် မကောင်း ဖြစ်မိပါတယ်။ ထိုအမျိုးသမီးကို ကျနော် သိပါတယ်။ သူဟာ ယုံကြည် သူ တစ် ယောက်၊ ခင်ပွန်းနှင့် လူမမယ် သားလေးတို့ ဘဝ ပြေလည်စေရေးအတွက် စင်ကာပူမှာ ငွေလာ ရှာခြင်း ဖြစ်ပါတယ်။ သူများအိမ်မှာ အလုပ်ကြိုးစား လုပ်ရင်း နေ့လည်စာကို ညမှ



စားရသလို၊ ညနေစာကို သန်းခေါင် ညနက်မှ စားရတဲ့သူ ဖြစ်ပါတယ်။ စားရတဲ့ အစာ များဟာလဲ အာဟာရ ပြည့်တဲ့ အစာတွေ မဟုတ်သလို အရသာ မဲ့တဲ့ အစာတွေဖြစ်နေပြန်ပါတယ်။ နားရက် မရှိ၊ နားချိန် မရှိသော ဘဝနှင့် စာနာမှု ကင်းမဲ့သော စင်ကာပူသူဌေးအိမ်တွင် ဘုရား မေတ္တာဖြင့် အနစ်နာခံကာ အလုပ်ကို ကြိုးစားလုပ်ပါ၏။ ငြီးငြင်ခြင်း မရှိသလို ကျမ်းစာဖတ်၊ ဆုတောင်းခြင်း ဝတ်ကိုလဲ အမြဲပြုကြောင်း သိထားပါ၏။ ကောင်းသောသူ၏ ခြေရာ၊ ဘုရားရှင်ပဲ့ပြင်၍ သူသွားရာ လမ်းကို နှစ်သက်ပြီး လဲသောအခါ ဆုံးရာသို့မရောက်ရ။ ဆာလံ ၃၇း၂၃။ ဟု ကတိ ရှိပါလျှက် ထိုသို့သော သူမအား ဘုရားသခင်သည် အဘယ့်ကြောင့် မကွယ်ကာ ပါသနည်း။ ဘာ့ကြောင့် မ မစပါသနည်းဟု အပေါ်ယံ တွေးမိပါ၏။ သို့သော် သူမ အကြောင်းကို အသေ အချာ စုံစမ်း ကြည့်သောအခါ - ခွင့်ရက် မရှိသော်လဲ ညနေပိုင်းတွင် ခွေးထွက်ကျောင်းသော သူမသည် ဖုန်းတစ်လုံး ဝယ်ဖြစ်သွားပါသည်။ အစပိုင်းတွင် မိသားစု သူငယ်ချင်းများနှင့် ဆက်သွယ် ဖြစ်သော်လဲ နောက်ပိုင်းတွင် လေလှိုင်းမှ သူငယ်ချင်းများစွာ ရလာသလို သူတို့တွေရဲ့ သံစဉ်တွေ ဇာတ်လမ်းတွေကိုပါ နားဆင်တတ်လာသည်။ ကိုယ်တိုင်လဲ ဇာတ်လမ်းတွေ ဆင်ကာ အစပျိုးလာပါသည်။ သူမသည် ငယ်ရွယ် ချောမောသော အပျိုလေး ဖြစ်ကြောင်း ဇာတ်လမ်းဆင်ကာ ဖုန်းဖြင့် ပြောဆိုသည့်အပြင် မော်ဒယ် ဂဲလ်လေး တစ်ယောက်၏ ဓါတ်ပုံကို မိမိဖုန်းတွင် Save ပြီး မိမိဖုန်းမှတဆင့် ချစ်ခင်သူများထံ မိမိပုံပါဟု လိမ်ညာကာ ပို့လိုက်သောကြောင့် စင်ကာပူတွင်း သာမက နိုင်ငံရပ်ခြားက မိတ်ဆွေများကပါ သူမအား အပြင်တွင် တွေ့ချင် မြင်ချင် သိချင် ချစ်ချင် နေကြပါသည်။ သူမနှင့် အပြင်တွင် လူချင်း တွေ့ချင်သူ များလာသလို ဖုန်းကဒ်များ အပြိုင်အဆိုင် ဝယ်ပေးကြသည်။ လက်ဆောင် ပစ္စည်းများ အိမ်တိုင် ရာရောက် လာပို့ပေးကြပါသည်။ ဖုန်းထဲမှ သူမပုံ(မော်ဒယ်ဂဲလ်ပုံ)နှင့် အပြင်ပုံ(သူမ ပုံအစစ်)မှာ တခြားစီ ဖြစ်နေသောကြောင့် အိမ်တိုင်ရာရောက် (အိမ်နားအထိ) လာတွေ့သော ကိုကို မောင်မောင် တွေကို ထွက်မတွေ့ရဲသောအခါ။ မိမိ အိမ်ရှင် ရှိ၍ အပြင်ထွက် မတွေ့နိုင်ကြောင်း အိမ်ဘေးနားမှ အမ်မ တစ်ဦးက သူ့ကိုယ်စား လက် ဆောင် ပစ္စည်း လာယူမည်ဖြစ်ကြောင်း လိမ်ညာ ပြောကာ မိမိကိုယ်တိုင် အိမ် ဘေးနားမှ အစ်မ တစ်ဦးအသွင် ဟန်ဆောင်ကာ လက်ဆောင် ထုပ်သွားယူပြီး တစ တစ အတင့်ရဲ လာခဲ့ပါ သည်။ ဖုန်းထဲမှ မော်ဒယ်လ်ဂဲလ်နှင့် သူမ၏ တီတီ တာတာ အသံများကြောင့် အရူး အမူး ဖြစ်နေကြသော ကိုကို မောင်မောင် များသည်လဲ သူမကို အိမ်ရှေ့အထိ လာတွေ့သော အခါ တစ်ခါမှ မတွေ့ရဘဲ စိတ်ပျက်စရာ ကောင်းသော အစ်မ တစ်ဦးနှင့် (သူမကိုယ်တိုင်) သာ အမြဲလိုလို တွေ့ရသောကြောင့် စိတ်ပျက် နေကြသောအခါ သနားစရာ အပြင်ထွက်ခွင့် မရသော သူမအား နားလည် စာနာ ပေး ပါရန် လိမ်ညာတောင်းပန်သောအခါ အညာစကား ကြားရသူ ကိုကို မောင်မောင်များက စိတ်မဆိုးဘဲ ပို၍ ကရုဏာ သက်မိနေကြပါသည်။ သူ့ကို ကြိုက် နေကြသော ကောင်လေးများ အချင်းချင်း သူ့ကြောင့် စကားများ ရန်ဖြစ်တဲ့ အဆင့်ထိ ဖြစ်လာ ခဲ့ကြပါတယ်။ အပျော်သဘောနှင့် အစပျိုးခဲ့ပါသော်လည်း နောက်ပိုင်းတွင် ကိုယ့် ဇာတ်လမ်း ကိုယ် မနိုင်ဖြစ်ကာ အလုပ်ထဲတွင်လဲ အရင်က ကဲ့သို့ စိတ်မပါတော့ပါ။ သူမ သည် ကိုယ် ကာယအားဖြင့် ကိလေသာ ညိစွန်းခြင်း မရှိသေးပါသော်လည်း မုသာ၌ ကျင်လည်သော လျှာကို ထာဝရဘုရား စက်ဆုပ် ရွံရှာပါ၏။ သုတ္တံ ၆း၁၇။ တစ်နေ့တွင် အလုပ်လုပ်ရင်း အိမ် ပြူတင်း ပေါက်ပေါ်မှ ပြုတ်ကျကာ ခြေထောက် ကျိုးသွား ခဲ့ပါသည်။ သူ့ကို ချစ်ခဲ့သော ကောင်လေး များလဲ သူ့ အကြောင်း ရိပ်မိ သွားပြီး မိုက်ရိုင်းစွာ ဆဲဆို စွန့်ခွာ သွားခဲ့ကြ ပါသည်။ ယုံကြည်သူ များစွာတို့သည် အမှားပေါင်းများစွာ ကျူးလွန်ရင်း၊ တို့ အမှားတွေ၊ တို့အားနည်းချက်တွေကို ဘုရားသခင် နားလည် ပေးပါတယ်။ ဘုရား ခွင့်လွှတ် ပေးမှာပါ ဟူသော ထင်မြင်ချက် ဆင်ခြေ ဆင်လက် တွေနှင့် သမ္မာတရား ကို လက်တစ်လုံးခြား ကစားနေကြပါသည်။ အမှောင်နယ်ထဲ ဖွတ်တရွတ် တိုးဝင်နေကာ အမှားပေါင်းများစွာ ဆက်လက်ကျူးလွန်နေကြပါသည်။ ဖြစ်လာသမျှ မကောင်း ကြောင်း များကိုလဲ ဘုရားသခင် အလိုတော်ဘဲ ဟု ဘုရားကို ပုံချတတ်ပြန်ပါသည်။

ဘုရားသခင်၏ အလိုတော်သည် မတရားသော မထုန်ကို ရှောင်ရန်။ ၁သက် ၄း၄-၅။ ဖြစ်ပါ သည်။ မကောင်းသော မျိုးစေ့ကို ကြဲသောသူသည် မကောင်းသော အသီးအနှံ ကိုသာ ရိတ်သိမ်း ရမည် ဖြစ်ပါသည်။ ။ Chit Lin Lay

---




**သက်သေခံချက်** ကဲကဲ (မြောင်းမြ)

ကျမ အသက်တာမှာ ခံစားရတဲ့ ကောင်းကြီးလေး တွေကို စုပေါင်း သက်သေ ခံပါရစေ။ ကျမ ၆တန်း။ ၈တန်း။ ဆယ်တန်း ကျောင်းသူ ဘဝ တွေတုံးက သိပ္ပံ ဘာသာနဲ့ အခြား သော ဘာသာရပ်တွေကို စာကောင်း ကောင်း မလိုက်နိုင်ခဲ့ ပါဘူး။ ကျေးဇူးတော်ကြောင့် ဘုရားသခင်ဆီ ဆုတောင်းတဲ့အခါ စာမေးပွဲတွေ အောင်မြင်ခဲ့ ပါတယ်။ ဆယ်တန်းကို နှစ်ခြင်းပေါက် အောင်ချင်လို့ ဆုတောင်းတဲ့ အခါမှာလဲ ဘုရား သခင်က အောင်မြင်ခြင်းအခွင့် ပေးသနားခဲ့ပါတယ်။ အဝေးသင် တက္ကသိုလ်ကိုလဲ တက် ရောက် အောင်မြင်ခွင့်ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကို ချီးမွမ်းပါတယ်။ ပညာစုံလို့ မိဘ ကျေးဇူး ဆပ်ချင်နေတဲ့အချိန်မှာ ဘုရား သခင်ဆီ ဆုတောင်းခဲ့တဲ့အတွက် အဒေါ် တစ်ယောက်ရဲ့ ကျေးဇူးကြောင့် စင်ကာပူကို လာရောက် အလုပ် လုပ်ခွင့် ရခဲ့ပါတယ်။ ပြဿနာက အလုပ်လုပ်ရတဲ့ အိမ်က ခြံအကျယ်ကြီး ဆိုတော့ အရမ်း ပင်ပန်းပါတယ်။ အချက် အပြုတ် ဝါသနာ မပါတဲ့ ကျမ ဟာ ကြက်ဥတောင် ကောင်းကောင်း မကြော်တတ်ဘဲ အလုပ် လုပ်ခဲ့ရပါတယ်။ ၃နှစ်အတွင်း အပြင်ထွက်ခွင့် မရခဲ့လို့ သက်တမ်းပြည့်ချိန်မှာ ဆက် မလုပ်တော့ဘဲ မြန်မာပြည် ပြန်လာခဲ့ပါတယ်။ စင်ကာပူ မှာ အလုပ်လုပ်ခဲ့တဲ့ ၃နှစ်အတွင်း ဘယ်မှ မသွားတတ် မလာတတ်ခဲ့ပါဘူး။ မြန်မာ ပြည် ပြန်ရောက်တော့ စင်ကာပူ ပြန်သွား ချင်တဲ့ ရောဂါပြန်ထလာလို့ စာရွက် စာတမ်း ပြန်လုပ်တာ ရှာထား သမျှ ငွေတွေ အကုန် ပြောင် သွားလို့ အစက ပြန်လုပ်ရပါတယ်။ စင်ကာပူကို ဒုတိယ အကြိမ် ပြန်ရောက်ချိန်မှာ ကြက်ဥ မကြော်ရဘဲ ၄လသားအရွယ်

သခင့်စကား

ကလေး လေးကို ထိန်းရပါ တယ်။ ကလေး မထိန်း တတ်လို့ အိမ်ပြောင်း ချင်စိတ်ပေါ်လာခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် နောက်တစ်အိမ် ပြောင်းခွင့်ရပါတယ်။ လူပျို ရှိတဲ့ အိမ်မှာ အလုပ် မလုပ်ချင်ဘူး (အနှောက်အယှက်ခံရလို့) လို့ သူငယ်ချင်း တစ် ယောက် ပြောထား ဖူးတဲ့ စကားကိုကြားမိတဲ့ ကျမလဲ လူပျို ယောကျ်ားသားရှိတဲ့ အိမ် မှာ မလုပ်ချင်ဘူးလို့ ဆုတောင်းမိတဲ့အခါမှာ ဘုရားသခင်က ယောကျာ်းနဲ့ ကွဲပြီး သမီး နှစ်ယောက်ရှိတဲ့ မုတ်ဆိုးမ အိမ်မှာ အလုပ်လုပ်ရတဲ့ အခွင့်ကို ပေးခဲ့ ပါတယ်။ အဲဒီ အိမ်မှာ ခန လာနေတဲ့ ကမ္ဘောဒီယား မလေးနဲ့ ပေါင်းရင် စုစုပေါင်း ကျမတို့ မိန်းမသား ၅ယောက်ဘဲ နေရတဲ့ အိမ်မှာ လွတ်လွတ်လပ်လပ် အလုပ်လုပ်ဖို့ ဘုရား သခင်က ပြင်ဆင်ပေးခဲ့ပါတယ်။ ။ ကဲကဲ (မြောင်းမြ)


-------------------------------------------------------



**သက်သေခံချက်** (လခေးပြာ)

ကျမ သက်သေခံချင်နေတာ ကြာပါပြီ။ ဘယ်လို စာ စရေးရမှန်း မသိလို့ မရေးဘဲ နေခဲ့တာဖြစ်ပါတယ်။ ကျမ စင်ကာပူကို ၂၀၀၆ခုနှစ်မှာ ရောက်လာ ခဲ့ပါတယ်။ ကျမ အရမ်း ပျော်ပါတယ်။ ဘယ်လောက်တောင် ပျော်သလဲ လို့ဆိုတာ စာနဲ့ မရေးပြ တတ်အောင်ပါဘဲ။ ဆာလံ ၃၇း၂၃-၂၄။ ကောင်းသော သူ၏ခြေရာတို့ကို ထာဝရ ဘုရား သည်ပဲ့ပြင်၍ သူသွားရာလမ်းကို နှစ်သက်တော်မူ၏ ထိုသူသည် လဲသော်လဲ ဆုံးရာသို့ မရောက်။ အကြောင်းမူကား ထာဝရဘုရားသည် သူ၏ လက်ကို ကိုင်မတော်မူ၏။ အိမ်ရှင် သူဌေးမက ပစိပစပ် များပေမဲ့ ကျမ ပျော်တယ်။ စင်ကာပူ သူဌေး တွေ နည်းတူ မသထာ ရေစာကျွေးလို့ စားခဲ့ရပေမဲ့ ကျမ ပျော်တယ်။ အလုပ် ပင်ပန်း အဖိအနှိပ်ခံရပေမဲ့ ကျမ ပျော်ပါတယ်။ အင်္ဂလိပ်စကား မတတ်တဲ့ သူဌေးမနဲ့ မတတ်တစ်ခေါက်တတ်တဲ့ ကျမတို့ နှစ်ယောက် နေ့တိုင်း အလုပ်လုပ်ရတာ ကမောက် ကမ ဖြစ်ပေမဲ့ ကျမ ပျော်ပါတယ်။ သူ ဘယ်လောက်ဘဲ ဆူဆူ၊ ကျမ ပြုံးပြုံးလေးဘဲ နေခဲ့ပါတယ်။ အမြဲတမ်း ဘုရားသီချင်းလေး ဆိုပြီး အလုပ်လုပ်ပါတယ်။ မနက် မိုးလင်းလို့ အိမ်သားတွေ မထခင် ကျမ အလုပ် ပြီးသွားတတ်လို့ ဘုရားသခင်နဲ့ ဆုတောင်း အချိန်ယူ ကျမ်းစာဖတ်နေတတ်ပါတယ်။ ဘုရားကောင်းကြီး အမြဲခံစား ရပါတယ်။ သည်းခံလော့ မြော်လင့်လျှက် ဝမ်းမြောက်ကြလော့။ ဆုတောင်း ပဌနာ ပြုခြင်း အမှုကို အမြဲပြုကြလော့။ ရောမ ၁၂း၁၂။ မမျှော်လင့်တဲ့ တစ်နေ့မှာ ကျမ သူဌေးမနဲ့ သူ့အိမ်သားတွေကို အမျိုးတွေ က ညစာ စားဖို့ လာခေါ်သွားကြပါတယ်။ အိမ်သားတွေအားလုံး အပြင် သွားချိန်မှာ အကြံသမား သူဌေးထီးက အကြောင်းတစ်ခု ပြပြီး ညစာ လိုက်မစားဘဲ ကျန်နေခဲ့ပါ တယ်။ အဲဒီ ညဦးပိုင်းမှာ ကျမနဲ့ အိမ်ရှင်သူဌေးထီး ၂ယောက်တည်း အိမ်မှာ ကျန်နေခဲ့ ပါတယ်။ အကြံသမား သူဌေးက သူ့ကို နှိပ်ပေးဖို့ တောင်းဆိုပါတယ်။ ကျမ အလုပ်များ နေတယ်လို့ အကြောင်းပြပြီး မနှိပ်ပေးခဲ့ပါဘူး။ တကယ်တော့ သူဌေးက ကျမရဲ့ ကျေးဇူးရှင်ပါ။ သူ အလုပ်ပေးလို့ ကျမ အလုပ်လုပ်ခွင့်၊ ပိုက်ဆံ ရခွင့် မိဘကျေးဇူး ဆပ်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ သူက သူ့အိပ်ယာပေါ်မှာ နှိပ်ပေးဖို့ အတင်းအကျပ် တောင်းဆိုတော့ ကျမက အိပ်ယာပေါ်မှာတော့ မနှိပ်ပေးနိုင်ဘူး။ အိမ် အောက်ထပ်မှာ နှိပ်ပေးမယ်လို့ ပြောခဲ့ပါတယ်။ သူက သဘော မတူပါဘူး။ ဘာဖြစ် လို့လဲဆိုတော့ အောက်ထက်က မှန်နဲ့ ကာထားတော့ တစ်ခုခု သူ အမှားလုပ်ရင် အပြင်က လူတွေမြင်နိုင်တာမို့ သူက မလိုလားပေမဲ့ ကျမက အောက်ထပ် မှာဘဲ နှိပ် ပေးနိုင်မယ်လို့ ပြောပြီး သူကို ခုံပေါ်ထိုင်ခိုင်းကာ ပုခုံးနဲ့ လည်ဂုတ်ကို သူ့ အသားနဲ့ ကျမ လက် မထိအောင် အင်္ကျီကော်လံ အဝတ်ခံပြီး နှိပ်ပေးခဲ့ပါတယ်။ သူ မကျေ မနပ် ဖြစ်ကာ မျက်နှာ နီရဲနေပြီး ကျမကို ဆက်မနှိပ်ခိုင်းတော့ဘဲ စိတ်ပြောင်းသွားခဲ့ပါတယ်။ ကျမ အခန်းထဲ ဝင်ပြီး ဒူးထောက် ဆုတောင်းလိုက်ပါတယ်။ သူဌေး ကျမ အခန်းထဲ ဝင်လာရင် ပြုတင်းပေါက်ပေါ်က ခုန်ချဖို့ အသင့်လုပ်ထားခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် သူဌေး ပြသနာ မရှာတော့ပါဘူး။ ကျမတို့ အသက်တာမှာ သည်းခံ၊ အနစ်နာခံသော စိတ် သာမက အပြုအမူ အနေ အထိုင်မှာ ပိရိ လိမ္မာ ပါးနပ်စွာ အပြစ် သွေးဆောင်ခြင်းထဲ မရောက်အောင် နေထိုင်တဲ့ အခါမှာ ဘုရားသခင်က ကွယ်ကာတဲ့အပြင် သာ၍ ကောင်းသော လုံခြုံ သော အိမ်ရှင် အသစ်နဲ့ အလုပ်အသစ်ကိုရရှိကာ ကောင်းကြီး မင်္ဂလာများ ခံစားနေရတဲ့အကြောင်း သက် သေ ခံပါရစေ။ ။ လခေးပြာ

-------------------------------------------------------



**ဘုရားတကာတို့ထက်ကြီးမြတ်သောဘုရားသခင်** (ဖိုးလေး - အင်းစိန်)

ရှေးဦးစွာ ဘုရားသခင် ကောင်းမြတ်တော်မူကြောင်း သက်သေခံလိုက် ပါတယ်။ ကျမတို့ ကိုးကွယ်သော ဘုရားသည် အဘယ်မည်သော ဘုရား နှင့်မှ မတူအောင်ဘဲ ကြီးမြတ်သော ဘုရား ဖြစ် ကြောင်း သက်သေခံ ဝေငှလိုက်ပါတယ်။ အခြားသော ဘာသာဝင် တွေနဲ့ တွေ့ဆုံ စကားပြောတဲ့အခါ ဘုရားချင်း အတူတူဘဲလို့ ပြောရင် တစ်ချို့က ဟုတ်တယ်လို့ ဝန်ခံတတ်ပေမဲ့ ကျမ ကတော့ မတူဘူး။ လို့ ငြင်းဆိုခဲ့ပါတယ်။ ကျမမှာ သူငယ်ချင်းတွေနဲ့အတူတူ ဘုရားတရား ဆွေးနွေးခဲ့ဘူးပါတယ်။ ပထမ သူငယ်ချင်း က နင်တို့ဘုရားက အရာအလုံးစုံကို သိရင် ဘာဖြစ်လို့ ဧဝ စားမဲ့ ကောင်း မကောင်း သိကျွမ်းရာ အသီးကို ဖန်ဆင်းပေးထားတာလဲလို့ ကျမကို မေးခဲ့ဖူး ပါတယ်။ ကျမ က ဘုရားဟာ တရားမျှတတဲ့ ဘုရား ဖြစ်တယ်။ လူကို ဖန်ဆင်းထားသလို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်လဲ ပေးထားတယ်။ ဘုရားစကား နားထောင် ခြင်းနဲ့ နား မထောင်ခြင်း ဘယ်အရာကို လူတွေရွေးမလဲဆိုတာ ဘုရားက လူကို လွတ်လပ် စွာ ရွေးခွင့် ပေးထားသလို နားထောင်ခြင်းအတွက် ကောင်းကြီးမင်္ဂလာနဲ့ နား မထောင် ခြင်း အတွက် ကျိန်ခြင်း အမင်္ဂလာ ပြင်ဆင်ပေးထားကြောင်း ကျမ ပြန်ဖြေ နိုင်ခဲ့ပါတယ်။ ဒုတိယ သူငယ်ချင်းကလဲ ယေရှုခရစ်တော် လူ့ဇာတိ ခံယူခြင်းနဲ့ ပါတ်သက်ပြီး ငြင်းခုံ လာပါတယ်။ ကျမက ယေရှု ခရစ်တော်ဟာ သန့်ရှင်းသော ဝိညာဉ် တော်အားဖြင့် သန့်ရှင်း စွာ မာရိ ဝမ်းအတွင်းကနေ လူ့ဇာတိ ခံယူခဲ့ကြောင်း ရှင်းပြခဲ့ပြီး။ ဘုရား သခင် ပြင်ဆင် ထည့်သွင်းထားတဲ့ အသက်ဝိညာဉ် နှင့်ရဲ့ ကိုယ်ထဲမှာ ရှိနေတဲ့ အတွက် ဘုရားကို ခေါ်ပါ။ မြည်းစမ်းပါလို့ ပြောပြခဲ့တယ်။ ကျမတို့ ချစ်တဲ့ သူငယ်ချင်းတွေ အခု အသက်ရှင်စဉ် ကိုးကွယ်ခြင်း မတူခဲ့လို့ နောင်တစ်ချိန်မှာ ကောင်းကင်ဘုံမှာ ပြန်ဆုံနိုင်အောင် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံဖို့ သက်သေခံ ဝေငှခဲ့ပါတယ်။ ကျမ တို့ ကိုးကွယ်ယုံကြည်သော ဘုရားသည် ဘုရားတကာတို့၏ သခင် ဖြစ်သောကြောင့် ဘုရား သခင်ဟု အမည်နာမ တွင်ကြောင်း သက်သေခံခွင့် ရရှိခဲ့ပါတယ်။ ဖိုးလေး(အင်းစိန်)

-------------------------------------------------------



**ကျမနဲ့ စင်ကာပူ** ကေပဟိုး(အင်းဝိုင်း)Dolue

စင်ကာပူ စင်ကာပူနဲ့ နာမည်အရမ်းကြီးပြီး ကျမတို့ရွာက အစ်ကို တွေ အစ်မတွေ တစ်ယောက်ပြီး တစ်ယောက် နိုင်ငံခြား သွားနေချိန်မှာ ကျမ က ဆယ်တန်း ဖြေနေတဲ့အချိန်ပေါ့။ နိုင်ငံခြား (စင်ကာပူ)က ပြန်လာတဲ့ အစ်မတွေ သူငယ်ချင်းတွေက နင် စင်ကာ ပူ မသွားဘူးလား။ အရမ်းပျော်ဖို့ကောင်းတယ်။ အရမ်း အဆင်ပြေတယ် လို့ ပြောတော့ သူများနိုင်ငံနဲ့ နိုင်ငံခြားကို အထင် မကြီးတတ်တဲ့ ကျမ က ငါနိုင်ငံခြား လုံးဝ မသွား ဘူးလို့ မာနကြီးကြီးနဲ့ ပြန်ပြောလိုက်ပါတယ်။ ကျမ မိဘတွေက လယ်သမား ပါ။ ကွမ်းခြံစိုက်ပြီး လယ်ချပါတယ်။ ကျမက အထွေးဆုံး သမီး မိန်းကလေး ဖြစ်လို့ မိဘ တွေလုပ်တဲ့ လယ်အလုပ် မလုပ်တတ်ပါဘူး။ တစ်နေကုန် ဆိုင်ကယ် တစ်စီးနဲ့ မြို့ထဲ လိုက်လည် နေတတ်ပါတယ်။ ပေါင်းတဲ့ သူငယ်ချင်း တွေက လဲ ယောကျ်ားလေးတွေဘဲ များပါတယ်။ ဒီလိုနဲ့ ဆယ်တန်း နှစ်ခါကျတော့ ကျမ စိတ်တွေ လေသွားခဲ့ပါတယ်။ တနင်္ဂနွေနေ့ တစ်နေ့မှာ အစ်မဝမ်းကွဲတစ်ယောက်နဲ့ ဘုရားကျောင်း မသွားဘဲ ဆိုင်ကယ် လိုက် စီးတဲ့အချိန်မှာ ဆိုင်ကယ် အဖမ်းခံထိ ပါတယ်။ ရဲစခန်းမှာ သွားရွေးရပြီး တရားရုံး ရောက်သွားပါတယ်။ လျော်ကြေးငွေလဲ ပေးရပါတယ်။ သူများ အဖေတွေက သူတို့သားကို ရဲစခန်းမှာ လာရွေးနေချိန်မှာ ကျမ အပါး ကတော့ သူ့သမီးဖြစ်သူကို ရဲစခန်းမှာ လာရွေး နေရပါတယ်။ အဖြစ်က လူကြားလို့တောင်မှ မကောင်းတဲ့ အဖြစ်ပါ။ ဆိုင်ကယ်ဖိုးငွေကို လက်စွပ်လေး ပေါင်ပြီး ရွေးလိုက်ပါတယ်။ ပိုတဲ့ ငွေတွေကို အဓိပ္ပါယ်မရှိတဲ့ နေရာတွေမှာ သုံးဖြုန်း ပစ်လိုက်ပါ တယ်။ ငွေတွေကုန်သွားပြီးတဲ့ နောက်တော့ မိဘတွေ သိမှာ စိုးလို့ စင်ကာပူသွားဖို့ ပြင်ဆင် လိုက်ပါတယ်။ အပြစ်တစ်ခုကြောင့် စင်ကာပူ ရောက်လာတယ်လို့ ဆိုရင် မမှား ပါဘူး။ အပါးကတော့ တားမရတဲ့အဆုံး သွားပါစေ။ ဒါမှ အလုပ်တန်ဖိုး လူ့ တန်ဖိုး သိလာမှာ လို့ ပြောပါတယ်။

ဒီလိုနဲ့ စင်ကာပူ ရောက်သွားပါတယ်။ ပထမ တစ်လမှာ ပွဲစားအိမ်မှာ နေရတော့ ဘဝ တူ မြန်မာမလေးတွေနဲ့ အတူတူ နေရလို့ အရမ်းပျော်ပါတယ်။ အလုပ်ရှင် လာခေါ်တဲ့ နေ့မှာတော့ ဘဝတစ်ဆစ်ချိုးခံ ထိတယ်လို့ ဆိုရပါမယ်။ အိမ်ရှင် တရုတ်မက အရမ်း ကြီးကျယ်တယ်။ သူ့အိမ် ရောက်တာနဲ့ အိမ်သာဆေး အဝတ် လျှော် ခိုင်းတယ်။ မနက် ၅နာရီ ထပြီး ည ၁၂နာရီမှ အိပ်ခိုင်းတယ်။ အလုပ်ကို ဆက်တိုက်လုပ်ခိုင်းတယ်။ ပန်းကန် ကျကွဲရင် နာပြီသာမှတ်၊ နင့်လစာထဲက ဖြတ်မယ်လို့လဲ ကြိမ်းတယ်။ ခွေးနဲ့ လူ အတူတူ ထမင်းစားခိုင်းတယ်။ ကျမစိတ်တွေ အရမ်း လေသွားတယ်။ အိမ်ရှင် တရုတ်မ ကိုလဲ အရမ်းဒေါသထွက်ပြီး ဘုရားကို တမ်းတမိတယ်။ အရင်က ရွာမှာဆိုရင် ကျမက ဗိုလ်ဘဲ။ အိမ်မှာ ကျမ အမေ မဟုတ်ရင် အစ်မက အဝတ်လျှော်ပေးနေကျလေ။ အခုတော့ ကျမ မာနကြီးလို့ တဖန်နှိမ့်ချခံ ထိတယ် ဆိုတဲ့ ကျမ်းစကားအတိုင်း ပြန်ခံ နေရပါတယ်။ ချက်ခြင်း ကျမ အဝတ်အစားထုတ်ပြီး အေးဂျင့်ကို ခေါ်ပေးလို့ အိမ်ရှင် ကို ပြောလိုက်တယ်။ သူဌေးမ က ဘာဖြစ်တာလဲတဲ့ ကျမက ဘာမှ မဖြစ်ဘူး။ အိမ်ပြောင်းချင်တယ်။ နင့်အလုပ်ငါ မလုပ်နိုင်ဘူး အေးဂျင့်ကို ခေါ်ပေးလို့ ပြောလိုက် ပါတယ်။ အေးဂျင့်အိမ် ရောက်တော့ ကျမ အပြစ် ပေး ခံထိတယ်။ အိမ်သာကို တစ်နေကုန် ဆေးခိုင်းတယ်။ ထမင်းကို သူတို့ပြန်လာမှ ကျွေးမယ်လို့ပြောတယ်။ အေးဂျင့် အပြင်ထွက်သွားတော့ ကျမ ကိုယ့်ဘာသာ အလုပ်နား၊ သူတို့ ချက်ထားတဲ့ ထမင်းကို အေးအေးဆေးဆေး ခူးခပ်စားပြီး နားနားနေနေ နေလိုက်တယ်။ အေးဂျင့် ပြန်လာမှ အလုပ်ပင်ပန်း ဟန်ဆောင်၊ အလုပ်များဟန်ဆောင်ပြီး လုပ်ပြလိုက်တယ်။ အေးဂျင့်က အလုပ်နားခိုင်းပြီး ထမင်းခေါ်ကျွေးတော့ ကျမ မစားနိုင်တော့ဘူး။ သူတို့ မသိအောင် အားရပါးရ ခိုးစားထားပြီး ဗိုက်ပြည့်နေလို့လေ။

ပွဲစားအိမ်မှာ တစ်ပါတ်လောက်ကြာတော့ ကျမ ဘုရားသခင်ကို ဆုတောင်းတတ်လာ ပြီ။ လူနည်းပြီး သဘောကောင်းတဲ့ မိသားစုနဲ့ ပေးတွေ့ဖို့ အမြဲဆုတောင်းခဲ့တယ်။ ဘုရား

သခင်က အပြစ်သား ကျမရဲ့ ဆုတောင်းသံကို နားညောင်းပါတယ်။ အလုပ် အသစ် ရတယ်။ လူနဲ့ပြီး သဘောကောင်းတဲ့ မိသားစုနဲ့ တွေ့ဆုံခွင့် ရခဲ့တယ်။ အလုပ် က ထမင်းစား ရေသောက် သလောက်ဘဲ လုပ်ရတယ်။ သတ်သတ်လွတ် စားတာ တစ်ခုနဲ့ သူတို့စားတဲ့ ထမင်းဟင်းက အမွှေးအကြိုင်အနံ့တွေကို သိပ် မခံနိုင်တာ တစ်ခု တည်းပါဘဲ။ တစ်နေ့ သူတို့ကြွေ လက်ဆေးဇလုံ ကျမကြောင့် ကျကွဲ သွားချိန် မှာ အဆူ မခံရဖို့ ဘုရားသခင်ဆီ ဆုတောင်းခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် အိမ်ရှင်တွေ မဆူဘဲ။ ပြဿနာ မရှိဘူးလို့ ပြောခဲ့ပါတယ်။ ဒုက္ခရောက်နေချိန်မှာ လူကို မကိုးစားဘဲ ဘုရားကို ကိုးစားဖို့ ကျမ ခွန်အားတွေရကာ ဆာလံ ၉၁း၁၄-၁၆ ကို အလွတ်ရွတ် ခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုလဲ ချီးမွမ်းမိပါတယ်။ ရွာမှာတုံးက ဆိုရင် ကျမ ကျမ်းစာဖတ်ဖို့ နေနေသာသာ ဘုရားကျောင်းသွားဖို့ဆို ဝေလာဝေးဘဲ။ ဘုရားကျောင်း ခေါင်းလောင်း သံ့ဘာသာ ထိုး နေနေ ကျမနဲ့ ဘာမှ မဆိုင်သလိုပါဘဲ။ တနင်္ဂနွေနေ့ဆို ကျမ အိပ်ရင် အိပ်၊ မအိပ်ရင် တစ်နေ ကုန် ဆိုင်ကယ်နဲ့ လျှောက်သွားနေတာ များပါတယ်။ ဘုရားနဲ့ အမြဲ ဝေးနေ တဲ့ သူပါ။ အခုတော့ ကျမ နောင်တတွေ အများကြီး ရနေပါပြီ။ ဘုရားကျောင်း တက်ချင်တာ တောင် တက်ခွင့်မရတဲ့ ဘဝမှာ အရင်တုံးက လွတ်လပ်စွာနေခဲ့တဲ့ ရွာက ဘဝကို ပြန် တမ်းတ မိပါတယ်။ မိတ်ဆွေတွေကို သတိပေးချင်တာကတော့ ဘုရားသခင်ကို အမြဲ အားကိုးပါ။ ဘုရားကို ဦးထိပ်ထားပါ။ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ပါ လို့ ရေးသား သက်သေခံ လိုက်ပါတယ်။ ဘုရားသခင်သည် အမြဲတမ်း အားပေး ကူညီတဲ့ ဘုရား ဖြစ်ကြောင်း သက်သေခံ ရေးသားလိုက်ပါတယ်။ ကေဟိုး(အင်းဝိုင်း) Dolue

---



**သက်သေခံချက်** Life

*သင့်ရှေ့မှာ ထာဝဘုရားသည် ကိုယ်တိုင်ကြွ၍* သင်နှင့် ရှိတော် မူလိမ့်မည်။ သင့်ကို စွန့်တော် မမူ။ ပစ်ထားတော်မမူ။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့် တရားဟော ၃၁း၈

ကျနော် သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ ကောင်းကင်ဘုံရှင် ထာဝရဘုရားကို ယုံကြည် သူတိုင်းရဲ့ အသက်တာမှာ တွေ့ကြုံ ရသော အမှုခပ်သိမ်းထဲမှာ အဘ ဘုရားသခင်ရဲ့ တန်ခိုး ကြီးသော လက်တော်ကို အထင် အရှား တွေ့မြင်နိုင်ပါတယ်။ အဘ ဘုရား သခင်ပို့ဆောင်ပေးခဲ့လို့ စင်ကာပူကို ပထမဦးဆုံး အကြိမ် ဒ‌ဗလျူပီနဲ့ ၂-၄-၂၀၀၇ မှ ၅-၁၁-၂၀၀၉ အထိ ရောက်ခဲ့စဉ် ပူပြင်း တဲ့ ကန္တာရကို လျှောက်လှမ်း ရသလို ခံစားရပါတယ်။ ဆယ့်တစ်လကြာ ခက်ခဲစွာ လုပ်ကိုင်ပြီးနောက် JBCS ဆိုတဲ့ အိုအေးဆစ်မှာ ၂နှစ်နီးပါး ခိုနားခွင့် ရခဲ့ပါတယ်။ အဲဒီတုံးက လုပ်ရတဲ့ အလုပ်ကြောင့် အလိုလို အားငယ်စိတ်တွေ၊ ကြောက်ရွံ့စိတ်တွေ၊ သိမ်ငယ်စိတ်တွေ ခံစား နေရပါ တယ်။ လူ့တကာရဲ့ အထင်သေး အမြင် သေးမှုတွေကိုလဲ ခံစားရပါတယ်။ ယုံကြည်သူ များရဲ့ စိတ်ပါကိုယ်ရောက် အားပေး နှစ်သိမ့်မှုများကို လက်တွေ့ခံစား ခဲ့ရပါတယ်။ ဒ‌ဗလျူပီနဲ့ သုံးနှစ်နီးပါးရှိနေစဉ်မှာ ကျနော့် စိတ်ထဲမှာ အမြဲလိုလို ပေါ်လာတဲ့ ဆန္ဒကတော့ အက်စ်ပတ်စ်နဲ့ လွတ်လွတ်လပ်လပ် သွား လာ လုပ်ကိုင်ချင်တဲ့ စိတ်ဘဲဖြစ်ပါတယ်။ အလုပ်အသစ်ရဖို့ ဒူးထောက် ဆုတောင်းရတာလဲ အကြိမ်ကြိမ်ပါဘဲ။ အလုပ်ထွက်ပြီး မြန်မာပြည် ပြန်သွားချိန်မှာ အိုးမကွာ အိမ်မကွာ ရွာမှာဘဲ ကိုယ်ပိုင် စီးပွားရေးလေး လုပ်ဖို့ စိတ်ကူးရပြီး အလုပ်သင် သင်တန်းတက်ပြီး စီးပွားရေး စလုပ် နေခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၀ ခုနှစ်ရဲ့ ဖေဖော်ဝါရီလမှာ JBCS သင်းအုပ်ဆရာ ဦး ဆောင်တဲ့ သာသနာပြုအဖွဲ့နဲ့အတူ မြေလတ်သာသနာ၊ ရွှေလီရှမ်း သာသနာတွေ မှာ ပါဝင် လိုက်ပါခွင့်ရခဲ့ပါတယ်။ လားရှိုးမြို့နယ်က ဝ လူမျိုးတွေ ဦးဆောင်နေတဲ့ ကျမ်းစာ ကျောင်း မှာ ကျောင်းဆင်းသွားတဲ့ ဆရာ ဆရာမတွေ သာသနာပြုကွင်းမှာ ထောက်ပံ့မဲ့ သူတွေ လိုအပ်နေတယ်။ အဲဒါတွေကို ကိုယ်တိုင်မြင်တွေ့ကြားသိခဲ့ရတော့ ကျနော့် စိတ်ထဲမှာ ထောက်ပံ့ပေးမဲ့သူအဖြစ် ပါဝင်ဖို့ ဘုရားသခင်ရဲ့ နှိုးဆော်ခြင်းကို ခံစားရပါတယ်။ သူငယ်ချင်း တစ်ယောက်က အမေရိကန်သွားမလားတဲ့။ ပွဲစား သူ့ဦးလေးက ငွေစိုက် ထား ပေးမယ်။ နောက်မှ လခထဲက ဖြတ်ယူမယ်တဲ့။ တရုတ်ပြည်နယ်စပ်မှာ အလုပ် လုပ်နေတဲ့ ညီမ ဝမ်းကွဲကလဲ သူ့အမျိုးသား ကားနဲ့ နယ်စပ်မြို့လေးကို လိုက်ခဲ့ဖို့ ခေါ်တယ်။ စရိတ်ငြိမ်း လိုက်သွားပြီး ဟိုမှာ တစ်လလောက်နေပြီးမှ အိမ်ကို အတင်း ပြန်လာခဲ့တယ်။ လူတွေ စစ်ဆေးမဲ့ အင်တာဗျူးကို ခရီးပန်းနေလို့ မသွားဖြစ်လို့ ဘုရား အလိုတော် မရှိတဲ့ အလုပ်လို့ဘဲ ယူဆလိုက်ပါတယ်။ ကိုယ်တော်က ကျနော့် ကို စင်ကာပူ သွားစေချင်ရင် လိုအပ်တဲ့ငွေ ပေးပါလို့ ဆုတောင်းနေချိန်မှာ ၂ပါတ် အကြာမှာ လိုအပ်တဲ့ငွေ ၆သိန်းကို ဘုရားသခင်က ချပေးပါတယ်။ စင်ကာပူကို အလည် တစ်ခေါက် ပြန်ရောက်လာခဲ့ပါတယ်။ ကျနော်နဲ့ အဆက်အသွယ် မရှိထား တဲ့ ဆရာတစ်ယောက်က ကျနော့်အတွက် ငွေတစ်ရာ ကြိုတင် ပေးထားနှင့်ပါပြီ။ ဘယ်သူ့ကိုမှ နောက်ယှက်စရာ မလိုဘဲ ဘုရားသခင်ရဲ့ သမီး ဖြစ်နေခြင်း ဆိုတဲ့ အရိုက်အရာလေး တစ်ခုတည်းနဲ့ စင်ကာပူမှာနေစဉ် ကာလအတွင်း အိမ်စရိတ် လမ်းစရိတ် စားစရိတ်အားလုံး ဘုရားသခင် ပြင်ဆင်ပေးခဲ့ပါတယ်။ မလက္ကာကို သွားတဲ့ အမျိုးသမီး အဖွဲ့ရဲ့ သာသနာခရီးစဉ်ကိုလဲ အစ်မ တစ်ယောက်ရဲ့ ရက်ရက် ရောရော စေတနာကြောင့် အခမဲ့ လိုက်ပါခွင့် ရခဲ့ပြန်ပါတယ်။ လူတော်တော် များများက အလုပ် လာရှာတာလားလို့ မေးတဲ့အချိန်မှာ ကျနော်က အလုပ် လာစောင့် နေတာပါလို့ ယုံကြည်ခြင်းနဲ့ ပြန်ဖြေခဲ့ပါတယ်။ ဘဝအသက်တာ တစ်ခုလုံးကို အပ်နှံထားတဲ့ အဖ ဘုရားသခင်ဆီမှာ ကျနော့် အလုပ်အတွက်လဲ လုံးဝ အပ်နှံ ထားသ လို ဘုရားသခင် ချပေး မဲ့ အချိန်ကိုဘဲ ယုံကြည်ခြင်းနဲ့ စောင့်နေခဲ့ပါတယ်။ အန်တီ တစ်ယောက်က တဆင့် အရင် က တစ်ခါမှ ခင်မင်ခြင်း မရှိဘူးတဲ့ ညီမတစ်ယောက် ကျနော့် ဆီ ဖုန်းဆက်လာတယ်၊ သူက အလုပ် ထွက်မှာမို့ သူ့နေရာမှာ ဝင်လုပ်ဖို့ သူ့ သူဌေး နဲ့ ဆက်သွယ်ပေးခဲ့ပါတယ်။ သူဌေးနဲ့ မတွေ့ခဲ့ရဘဲ ဖောင်ဖြည့်ပြီး ပြန်လာခဲ့ရ ပါတယ်။ နောက်၅ရက် အကြာမှာ ဖုန်း ပြန်ခေါ်ပါတယ်။ ၂၀-၉-၂-၁၀ မနက် ၁၀နာရီမှာ အင်တာဗျူး သွားလုပ်ခဲ့ပါတယ်။ နာရီဝက် အကြာ အမေးအဖြေလုပ်ပြီးချိန်မှာ သူဌေးက ငါနင့်ကို အလုပ်ခန့်လိုက်တယ်တဲ့။ ကျနော်က နား မလည်လို့ ထပ်မေးတော့ အခု ငါ နင့်ကို အလုပ်ခန့်တယ်။ အက်စ်ပတ်စ် တင် ပေးမယ်တဲ့။ သူ့ စာရေးမကို ခိုင်းလိုက်ပါတယ်။ နောက်နေ့ မနက်မှာ သူဌေးက နင့် အက်စ်ပတ်စ် ရပြီတဲ့ ဘယ်နေ့ အလုပ် စဆင်းမလဲလို့ မေးပါတယ်။ အထူးခြားဆုံးကတော့ ကျနော့် အက်ပတ်စ်မှာ ကျနော့် မွေးနေ့သာမက လူငယ် ဥက္ကဌနဲ့ အတွင်းရေးမှူးတို့ရဲ့ မွေးနေ့ တွေပါ ပါနေတာကိုတွေ့ရပါတာယ်။ ( S-pass ထုတ်တဲ့နေ့နဲ့ Approve ဖြစ်တဲ့ နေ့တို့ဘဲ ဖြစ်ပါတယ်။) အလုပ်အဆင်ပြေ တဲ့အပြင် တနင်္ဂနွေနေ့တွေမှာလဲ ဘုရား ကျောင်းမှာ ပါဝင်ခွင့် ရခဲ့ပါတယ်။ လူ့အနေနဲ့ဆို မဖြစ်နိုင်ပါဘူး။ စင်ကာပူမှာ ကမ္ဘာပေါ်က နိုင်ငံကြီးကြီးက ဒီပလိုမာတွေ ဘွဲ့တွေကြားမှာ မဖြစ် ညစ်ကျယ် မြန်မာပြည်က သာမာန် ဘွဲ့လက်မှတ်လေးနဲ့ အရွယ်တော် တစ်စိတ် ဟိုင်းနေတဲ့ ကျနော့် ဘဝဟာ ဘုရားသခင်ရဲ့ အစီအစဉ်နဲ့ အသက်ရှင်ခွင့်ရနေခဲ့ပါတယ်။ ကျနော့်ရဲ့ ဆုတောင်း ချက်ကလဲ ပိုလွန်းတယ် မထင်ပါနဲ့၊ ကိုယ်တော်ရယ် သမီး စိတ်ညစ် မခံနိုင်ဘူး အဆူ အဟောက်ခံရတဲ့ အလုပ်။ ပင်ပန်းတဲ့ အလုပ် မလုပ်နိုင်ဘူး။ သင့်တော်တဲ့ အလုပ်ဘဲ ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ ကျနော် အခု ရတဲ့ အလုပ်က ကျနော်နဲ့ သင့်တော်ဆုံးပါဘဲ။ တစ်ရက်ကို စင်ကာပူ အရှေ့ တစ်ပိုင်း အနောက်တစ်ပိုင်း တစ်နေကုန် လျှောက် သွားရတဲ့အလုပ် ဖြစ်ပါတယ်။ နားလိုက်၊ စားလိုက်၊ သွားလိုက် စိတ်ဝင်စား တာတွေ့ရင် ဝင်ကြည့်လိုက်နဲ့ သက်သက် သာသာ ပါဘဲ။ *( --- ကြံစည်တော် မူခြင်း အတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီ တညွတ် တည်း ပြုစုကြသည်-- ရောမ ၈း၂၈။)*

Life (လုပ်သက်တစ်နှစ်ပြည့် အမှတ်တရနှင့် အလုပ်လိုအပ်နေသူများ အတွက် -)

---



**သက်သေခံချက်** မေရီ(ရန်ကုန်)

ရှေးဦးစွာ ကြီးမားလွန်းတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း ရေ တွက် ဝန်ခံလိုပါတယ်။ ဘုရားသခင် ကောင်းမြတ် ကြောင်း သက်သေခံ ရေးသားလိုပေမဲ့ နောက်မှ နောက်မှ ဆိုတဲ့ အပျင်း စိတ်က အနိုင်ယူ နေတဲ့ အတွက် ကျမ သခင့်စကား စာစောင်မှာ စာရေးဖို့ နှောင့်နှေးနေခဲ့ပါတယ်။ စင်ကာပူ မလာခင်က ကျမ လုပ်ရမဲ့ အလုပ်ရှင်ဟာ ယုံကြည်သူဖြစ်ဖို့ ဆုတောင်းခဲ့ပါတယ်။ ဆု တောင်းချက် ပြည့်စုံခဲ့ရင် ဆယ်ဖို့တစ်ဖို့ မှန်မှန် ပေးပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ ကျမ ဆု တောင်းတဲ့အတိုင်း ဘုရားသခင်က ပြည့်စုံ စေခဲ့ပါတယ်။ ယုံကြည်သူ ဖြစ်တဲ့အတိုင်း no day off လို့ ကတိ တောင်းထားပေမဲ့ လတိုင်း တစ်လ တစ်ခါ ဘုရားကျောင်း သွားခွင့် ရခဲ့ပါတယ်။ ကျမ နားမှာအားပေးမဲ့သူ ကူညီပေးမဲ့ သူတွေလဲ အမြဲ အသင့်ရှိနေခဲ့ပါတယ်။ ဘုရားကို ချစ်တဲ့သူတွေနဲ့လဲ မိတ်ဆွေဖြစ်ခွင့် ရခဲ့ပါတယ်။ အတူတူလာတဲ့ သူငယ်ချင်း တွေထက် သာတဲ့ ကောင်းကြီးကို ခံစားရပါတယ်။ အခု ဒုတိယ အကြိမ် စင်ကာပူကို ထပ်လာတဲ့ အခါမှာတော့ ကျမ တိုးပြီး ဆုတောင်း ခဲ့ပါတယ်။ ကျမ အလုပ်လုပ်ရမဲ့ အလုပ် ရှင်ဟာ ဘုရားရှင်ကို တကယ် ယုံကြည်ကိုးစားတဲ့ မိသားစု၊ ဘုရားမေတ္တာနဲ့ နွေးထွေးတဲ့ အလုပ် ရှင်၊ စိတ်သဘောထား ပြည့်ဝတဲ့ အလုပ်ရှင်၊ အဆင့် အတန်း မခွဲခြားဘဲ နားလည် စာနာမှု အပြည့်ရှိတဲ့ အလုပ်ရှင်ကို ပြင်ဆင်ပေးဖို့ တောင်းဆိုခဲ့ပါ တယ်။ သမီး ဆုတောင်း ချက် ပြည့်စုံခဲ့ရင် သခင့်စကား စာစောင်မှာ သက်သေ ခံပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ ကျမရဲ့ ဆုတောင်းချက်ကို ဘုရား သခင်က ထပ်မံ ပြည့်စုံ စေခဲ့ပါတယ်။ ကျမ ဝမ်းသာ လွန်းလို့၊ ပျော်လွန်းလို့ မျက်ရည်လဲ ဝဲခဲ့ပါတယ်။ ကျမ ထွက်မလာခင်က စုံစမ်းခြင်းခံရပေမဲ့ ဆုတောင်းခြင်းနဲ့ အောင်မြင် ခဲ့ပါတယ်။ ကျမ အလုပ်က ကလေးထိန်းရတဲ့ အလုပ်ဆိုတော့ အစပိုင်းတော့ ခက်ခဲပေမဲ့ နောက်ပိုင်းမှာ ကလေး ရဲ့ ချစ်ခင်မှုကို ရခဲ့ပြီး အစစအရာရာ အားလုံး အဆင်ပြေစွာနဲ့ လုပ်ကိုင်ခွင့် ရခဲ့ တယ် ဆိုတာ သက်သေခံလိုက်ပါတယ်။


---



**လွမ်းစရာကို နာစရာနဲ့ဖြေ** *နန်းရထိုက်*

မြန်မာပြည်က ကြားလိုက်ရတဲ့ သတင်းစကားတစ်ခု ကျမကို တော် တော်လေး တုန်လှုပ် ခြောက်ခြားသွားစေခဲ့ပါတယ်။ သူ့ အသက် က အလွန်ဆုံးရှိလှ ၄၀ ပေါ့။ ဘာရောဂါ လဲ မေးတော့ ဘာမှ ရေရေ ရာရာ မသိလိုက်ရဘူး။ ရုတ်တရက်ကြီး။ သုတ္တံ ၂၇း၁ နက်ဖြန်နေ့ကို အမှီပြု၍ မဝါကြွားနှင့်။ တစ်ရက်အတွင်းတွင် အဘယ်သို့ ဖြစ်လိမ့်မည်ကို မသိနိုင်တဲ့။ သူနဲ့ ပါတ်သက်တဲ့ အသိုင်းအဝိုင်းတွေက ကျမကို အမျိုးမျိုး အပြစ်တင်ကြတယ်။ အကြင်နာ ကင်းမဲ့တဲ့သူ။

အသည်းမာတဲ့ မိန်းမတဲ့။ ကိုယ်နဲ့ ပါတ်သက်ခဲ့ဖူးတဲ့ သူတစ်ယောက် သေဆုံးသွားတာ ဘာ့ကြောင့် မျက်ရည် မကျတာ လဲတဲ့။ ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ နှလုံးသား တစ်စုံဟာ ကျစရာ မျက်ရည်တွေမှ မရှိ တော့တာ။ ဘယ်သူတွေ ဘယ်လိုပြောပါစေ။ ကျမအတွက် သန်းခေါင်ထက် ညဥ့် မနက်တော့ပါဘူး။ သူက ၂၀၁၁ မှသေတာ။ ကျမက ၂၀၀၅ ခုနှစ် ကတည်းက သေသွား ခဲ့ပြီ။ ကျမ သေတာ ဘယ်သူမှ မသိလိုက်ဘူး။ ငါနင့်ကို စိတ်ကုန်တာ ကြာပြီ။ နင့်ကြောင့် ငါ့ မိဘတွေ စိတ်ဆင်းရဲရတယ်။ ငါနင်နဲ့ လက် မတွဲနိုင်တော့ဘူး။ ဆိုတဲ့ သူ့စကားဟာ ကျမ အတွက် မိုးကြိုးပစ်သံလို တခန အတွင်းမှာ အသက်ရှုမှားခဲ့တယ်။ ကျမ ဘဝရဲ့ ဦး တည်ချက်နဲ့ ကြိုးစား မျှော်လင့် ထားသမျှ တွေဟာ ၂၀၀၅ မတ်လ ၃၁ရက်နေ့မှာ ပျောက်ဆုံး သွားခဲ့တယ်။ ကျမ သေ သွားခဲ့တယ်။ တစ်စစီ ကျိုးပဲ့ပြာ ကျခဲ့ရတယ်။ တညလုံး ထိုင်ငို မိခဲ့တယ်။ အဲဒီအချိန်မှာ တစ်ဦးတစ်ယောက်ရဲ့ အားပေး နှစ်သိမ့်မှုကြောင့် ဟင်းလင်း ပြင် သုသာန်လိုဖြစ်နေတဲ့ ကျမ နှလုံးသားမှာ ဖြေသိမ့်မှု ရခဲ့တယ်။ မျက်ရည်များစွာ ဒဏ်ရာ များစွာနဲ့ ဘုရားရှင် ရှေ့မှာ လူးလိမ့် ခံစားခဲ့ရတယ်။ ဂလာတိ ၂း၂၀ ကို အမြဲလို ဝန်ခံပြီး ငါသည် ကိုယ်တိုင် မရှင်။ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏ တဲ့ ကျမ အသက်ရှင်တဲ့ အရာမှာ ခရစ်တော် ဖြစ်တယ်။ ကိုယ်တော်ရဲ့ ငယ်သားကောင်းအဖြစ် ရှိတဲ့ နေရာမှာ ဆက်ကပ် မယ်။ အရာရာမှာ ကျမဟာ သုည ပါ။ ကျေးဇူး တော်ကြောင့် စင်္ကာပူမှာ အလုပ် လုပ်ခွင့် ရနေတာပါ။ လူတစ်ယောက် သေဆုံး သွားတာ ပျော်စရာ မဟုတ်ပေမဲ့။ ရုတ်တရက် ဖြုန်းစားကြီး သေတယ် ကြားတော့ မျက်ရည်တော့ ဝိုင်းမိသား။ ခွင့်လွှတ် နိုင်စွမ်းထက် ပိုခဲ့တယ်။ ဘုရားရှေ့မှာ စစ်မှန်တဲ့ နောင်တနဲ့ သူ့ ဝိညာဉ်ကို နောင်တ ရစေချင်တာက ကျမ နှလုံးသားထဲမှာ ကိန်းအောင်း နေတဲ့ ဘုရားရဲ့ လွှမ်းခြုံ ထားတဲ့ နှလုံးသား ဆန္ဒ အမှန်ပါ။ နန်းရထိုက်(ကနခ)



---

## မလှုပ်နိုင်သောအရာများ (ဆရာစောစံအောင်)

"---ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကို ရသည်ဖြစ်၍၊ ---ကျေးဇူး တော်ကို စွဲလမ်းကြကုန်အံ့။"(ဟေဗြဲ၁၂း၂၈) လောက၌ ရှိသည့်အဘယ်အရာမဆို မတည်မြဲကြောင်းကို ခရစ်ယာန်တိုင်း သာမက သာမန် လူသားတိုင်းလည်း သိရှိကြမည်ဟု ထင်မှတ် ရပါသည်။ ဘုရားသခင်ကလည်း လောက အရာ မှန်သမျှ မတည်မြဲကြောင်း၊ တစ်နေ့ ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ ဘုရား သခင် ကိုသာ ခိုလှုံကိုးစားတတ်ရန် သဘာဝ ဘေးများဖြစ်ကြသော မြေ ငလျင်၊ ဆူနာမီ ရေလှိုင်း၊ နာဂစ် မုန်တိုင်း၊ ရေကြီးခြင်း စသည် တို့ဖြင့် သတိပေးလျက် ရှိပါသည်။ ဂျပန်နိုင်ငံသည် အဆောက်အဦများ တည် ဆောက်ရာတွင် ငလျင်ဒဏ်ကို ကြိုတင်မှန်းဆပြီးမှ တည်ဆောက် တတ်ကြ သော်လည်း ၂၀၁၁ မေလက ၉.၀ စကေးရှိ ငလျင်ကြောင့် ဆူနာမီလှိုင်းလုံးများ ဒဏ်ကို အလူးအလဲ ခံခဲ့ရ ပါသည်။ မြေကြီးပေါ်မှာ အဘယ်အရာမျှ မတည်မြဲကြောင်း သတိပေးလျက် ရှိပေသည်။

ခရစ်တော်ကိုယ်တိုင်က မဿဲ ၂၄ ၌ နောက်ဆုံးသောကာလ၏ နိမိတ်များ အကြောင်းကို ကြိုတင်ပြောထားခဲ့ရာ ထိုအရာများတို့၏ရှေ့ပြေးတို့သည် ယခု ဖြစ်နေဆဲဖြစ်၏။ ဘေးဒဏ်ကြီးကာလ၌ ယခု ဘေးထက် ဆိုးသည့် သဘာဝ ဘေးများ တွေ့လာရန် ရှိပေသည်။ သို့ဖြစ်၍ မတည်မြဲသည့် ဤလောက အရာများနှင့်သာ သင်၏ အချိန် များကို မဖြုန်းမိဘို့ သတိပြုကာ ထာဝရ တည်မြဲမည့် အကျိုးရှိသည့် အရာ များ အတွက် အသုံးပြုရန် လိုပေသည်။ နောဧ လက်ထက်က လူတို့သည် ဘုရားသခင်ကိုမသိ၊ မိမိ စိတ်ကြိုက် အသက် ရှင်ကာ အပြစ် ဒုစရိုက်၌ ပျော်မွေ့ကြသဖြင့် မြေကြီးသည် ဘုရား သခင်ရှေ့မှာ ပုပ်စပ် လျက်ရှိသကဲ့သို့ ယနေ့ကာလလည်း ထိုသို့ဖြစ်နေပါသည်။ ဟဂ္ဂဲ ၂း ၆-၇ ၌ "ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ ကာလ မကြာမမြင့်မှီ ကောင်းကင်၊ မြေကြီး၊ ပင်လယ်၊ ကုန်းတို့ကိုတဖန် ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ နှစ်သက်ဘွယ်သောအရာသည် ရောက်၍ ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စေမည်" ဟု ဘုရားရှင် မိန့်မှာထားပါသည်။ ဤကျမ်းပိုဒ်၏ ဖေါ်ပြချက်မှာ ခရစ်တော် ဒုတိယအကြိမ် ကမ္ဘာမြေကြီးပေါ် ကြွဆင်းလာစဉ် တိုင်းနိုင်ငံများ လှုပ်ရှားကြမည်အကြောင်း၊ ကမ္ဘာ့နိုင်ငံများကို ခရစ်တော်ဘုရားတရားစီရင်ပြီး ခရစ်တော်၏ နိုင်ငံ (အနှစ်တစ်ထောင်) ကမ္ဘာမြေပေါ်၌ တည်ထောင်မည်ဟု နားလည်ရပါသည်။ ထိုနောက် ခရစ်တော်သည် မိမိ၏ရန်သူများကို အပြီးသတ်ချေမှုန်းကာ ကမ္ဘာကို မီးဖြင့်ဖျက်ဆီးမည်။ တဖန် ကောင်းကင်သစ်နှင့် မြေကြီးသစ်ပေါ်ထွန်းလာမည်။ ထိုခရစ်တော်၏ နိုင်ငံသာလျှင် ထာဝရ တည်ရှိမည်ဟု ကျမ်းစာပရောဖက်ပြုထားချက်များအရ သိရပါသည်(ယောလ ၃း၂၊ မဿဲ၂၅း ၃၂၊ ၂ပေ၊ ၃း ၁၀-၁၂၊ ဗျာ၊ ၂၁၊ ၂၂)။

၁။ ဘုရားသခင်၏ ပလ္လင်တော်သည် လှုပ်ရှားခြင်းမရှိ၊ တည်မြဲတော်မူသည်။ God's Throne cannot be Shaken. "အိုဘုရားသခင် ကိုယ်တော်၏ ပလ္လင်သည် နိစ္စထာဝရ ပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့် စီရင် သော နိုင်ငံဖြစ်ပါ၏။" "သူ၏ အမျိုးအနွယ်ကိုအစဉ်အမြဲတည်စေမည်။ သူ၏ပလ္လင်သည် ကောင်းကင်ကာလကဲ့သို့ နိစ္စထာဝရဖြစ်လိမ့်မည်။" (ဆာလံ ၄၅း ၆၊ ၈၉ း၂၉) လောကရှိ ရာဇပလ္လင်တို့သည် အစဉ် အမြဲ မတည်တန့်ကြပါ။ ဥပမာ- ရောမအင်ပါယာ၌ နီရိုးဘုရင်သည် ကနဦး ခရစ်ယာန်များ၊ တမန်တော်များကို နှိပ်စက်ညှင်းပန်းခဲ့သည်။ သူ၏သက်တမ်းမှာ အေဒီ ၅၄မှ ၆၈ သာ ဖြစ်သည်။ ခရစ်တော်ကို အပြစ်မရှိကြောင်း သိမှတ်သော်လည်း လူထုပရိတ်သတ်ကို ကြောက် နေရသူ ပိလတ်မင်းသည် မိမိရာထူးကို ဖက်တွယ်ထားခဲ့ကာ ခရစ်တော်ကို ငြင်းပယ် သဖြင့် ထာဝရကာလ၌ အရှုံးနှင့်သာ ရင်ဆိုင်ရန်ရှိပါသည်။ လောက၌ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်နိုင်ငံမျှတည်မြဲခြင်းရှိမည် မဟုတ်သော်လည်း ခရစ်တော်အုပ်စိုးသည့် နိုင်ငံသည် ထာဝရတည်မည်ဟု အဘခမည်းတော်ကပင် မိန့်ဆိုကတိပေးထားပါသည်။ "သားတော်ကိုကား၊ အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏ နိုင်ငံသည် တရားသဖြင့် စီရင်သောနိုင်ငံဖြစ်ပါ၏။ ကိုယ်တော်သည် ဖြောင့်မတ် ခြင်းတရားကို နှစ်သက်၍၊ မတရားသောအမှုကို မုန်းတော်မူ၏။ ထိုကြောင့်၊ အိုဘုရား သခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏ အပေါင်းအဘော်တို့ထက် ကိုယ်တော်ကို မြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေး တော်မူပြီဟု လာသတည်း။" (ဟေဗြဲ ၁း ၈-၉)

၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကာလအစဉ်တည်တော်မူသည်။ God's Word cannot be Shaken. မျက်မြင်ရသောအရာလူပုဂ္ဂိုလ်၊ ရာထူးဂုဏ်ထူး မှန်သမျှသည် တည်မြဲခြင်း မရှိကြောင်း၊ မြက်ပင်ကဲ့သို့ ညှိုးနွမ်းတတ်ကြောင်း ဤသို့ ဆိုထားပါသည်။ "လူမျိုး ရှိသမျှသည် မြက်ပင်ဖြစ်၏။လူမျိုး၏ဘုန်းရှိသမျှသည်လည်း တောအပွင့်ကဲ့သို့ဖြစ်၏။ ထာဝရဘုရား၏ လေတိုက်သောအခါ၊ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်သည်လည်းကြွေတတ်၏။ အကယ်စင်စစ် လူတို့သည် မြက်ပင်ဖြစ်ကြ၏။ မြက်ပင်သည် ညှိုးနွမ်း သွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရား မူကားကာလအစဉ်အမြဲတည်၏" (ဟေရှာ ၄၀း ၆-၉)။ နှုတ်ကပတ် တော်ကို လေ့လာ သိရှိ နာခံသူသည် ပညာရှိဖြစ်သည်။ ငြိမ်ဝပ်ချမ်းသာရသည်။ တင်းတိမ် ရောင့်ရဲနိုင် သည်။ ထိုနှုတ်ကပတ်တော်ကို ဝေငှသဖြင့် မလိမ္မာသောသူများ လိမ္မာလာသည်။ မျှော်လင့်ခြင်း ကင်းမဲ့သူများအား မှန်သောမျှော်လင့်ခြင်းကို ရစေသည်။ ကိုယ်ကျင့်တရား ကောင်းမွန် စေသည်။ မှန်ကန်သောသြဝါဒကို ရရှိသဖြင့် မှားယွင်းသောစွဲလမ်းမှု၊ ချုပ်နှောင်မှုများမှ ကင်းလွတ်စေသည်။

၃။ ခရစ်တော်၏ အသင်းတော်သည် အစဉ်အမြဲတည်တန့်ပါသည်။ God's Church cannot be Shaken. လောကရှိ အားကစားအသင်း၊ တေးဂီတအသင်း၊ လူမှုရေး အသင်း၊ စီးပွါးရေး အသင်းအဖွဲ့၊ နိုင်ငံရေး အသင်းအဖွဲ့များတို့သည် တစ်နေ့တစ်ချိန်၌ ကွယ်ပျောက်သွားမည်ဖြစ်သော်လည်း ခရစ်တော်တည်ထောင်ခဲ့သော အသင်းတော်မှာမူ အစဉ် အမြဲ တည်နေပါမည်။ ခရစ်တော်က ပေတရုကို မိမိတည်ထောင်မည့် အသင်းတော်နှင့် စပ်လျဉ်း၍ ဤသို့ ဖေါ်ပြထားပါသည်။ "ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့ အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။" (မဿဲ ၁၆း ၁၈) လောကနိုင်ငံများသည် သူ့ခေတ် အချိန်အလိုက် တစ်ဦးကျ၊ တစ်ဦး တက်လိုက်ဖြစ်သည်။ (၂၁)ရာစုအတွင်း ကမ္ဘာ့ နိုင်ငံ များစွာ၌ နိုင်ငံအုပ်ချုပ်မှုစံနစ် ပြောင်းလဲမှု အမျိုးမျိုး တွေ့ရပါသည်။ ခရစ်တော်၏ အသင်း (နိုင်ငံ)ကိုမူ အဘယ်သူ၊ အဘယ် တန်ခိုး(မရဏာနိုင်ငံ)ကမျှ မဖျက်ဆီးနိုင်စွမ်း မရှိပါ။

၄။ ဘုရားသခင်၏နိုင်ငံသည် လှုပ်ရှားခြင်းမရှိ အစဉ်တည်မြဲ၏။ God's Kingdom cannot be Shaken. "ထိုကြောင့်၊ ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကို ရသည်ဖြစ်၍၊ ခန့်ငြား ကြောက်ရွံ့သော သဘောနှင့် ဘုရားသခင်ကို လျောက်ပတ်စွာ ဝတ်ပြုနိုင်မည်အကြောင်း၊ ကျေးဇူး တော်ကို စွဲလမ်းကြကုန်အံ့။" (ဟေဗြဲ ၁၂း၂၈) ယေရှုခရစ်တော်ကို ယုံကြည်သူများသည် အစဉ်အမြဲတည်သည့်နိုင်ငံ၊ အဘယ်တန်ခိုးကမျှ မပြောင်းလဲပစ် နိုင်သော တည်တန့်သည်နိုင်ငံကို ရသည်ဖြစ်၍ ဘုရားသခင်ကို ချီးမွမ်းရပေသည်။ ထိုနိုင်ငံ၏ အရှင် ခရစ်တော်သည်လည်း အစဉ်အမြဲတည်ရှိကာ ပြောင်းလဲခြင်း မရှိ၊ ထာဝရ မိတ်သဟာယ ဖွဲ့ခွင့်ရပြီဖြစ်သည်။

ကမ္ဘာ့ မြေငလျင် မှတ်တမ်းများကို လေ့လာကြည့်လျှင် ယခုနှစ်များ၌ ပို၍ များလာကြောင်း၊ ဂရပ်မျဉ်း သည် မတ်စောက်စွာ မြင့်တက်ကြောင်း သိရှိရပါသည်။ ယခု မကြာသေးမီ သီတင်းပတ်ကလည်း ငလျင်ဒဏ်ကို စိုးရိမ်စရာမရှိဟု ထင်မှတ်ရသော အမေရိကန် နိုင်ငံသည်ပင်လျှင် ၎င်း၏အရှေ့ပိုင်းပြည်နယ်၌ အင်အား အသင့်အတင့် ရှိသော ငလျင် လှုပ်ခဲ့ကြောင်း ကြားသိရပါသည်။ မြေငလျင်လှုပ်ခြင်းများသည် ထာဝရ ဘုရား သခင်က ကျွန်ုပ် တို့ကို သူပြန်၍ တရားစီရင်မည့်အချိန်နီးကြောင်း သတိပေး နေခြင်းပင် ဖြစ်ပေသည်။

ခရစ်တော် တဖန် ကမ္ဘာမြေပေါ် (သံလွင်တောင်ပေါ် ခြေချသော အခါ) ကြီးစွာသော မြေလှုပ် ခြင်း ရှိမည်(ဇာခရိ ၁၄း၄)။ တဒင်္ဂသာတည်မြဲသည့် လောကီ အရာများကို အထူး အာရုံစိုက် ခြင်းကိုရှောင်ရှားကာ ထာဝရတည်မြဲမည့် ကောင်းကင်ဘုံနှင့် ဆိုင်သော အရာများအပေါ် အလေးထား စွဲလန်းကြဘို့၊ ဘုရားသခင်ကို ချစ်လျက် အမှုတော် အတွက် ကြိုးစားပါဂင် ဆောင်ရွက် ဘို့ တိုက်တွန်းနှိုးဆော် ရေးသား လိုက်ပါသည်။ ။ ဆရာစောစံအောင်

## ဂေါ့ဒ်ဘလက်စ်ယူလား၊ ဂေါ့ဒ်ဝစ်သ်ယူလား (မင်းအောင်သက်လွင်)



ကျွန်တော်တို့ ယုံကြည်သူ အသိုင်းအဝိုင်း ကြားမှာ ရေပန်းစားတဲ့ စကားလုံးလေး ရှိပါတယ်။ ယုံကြည်သူ အားလုံး နှစ်သက်တဲ့ စကားလုံးလေး ဖြစ်သလို၊ တနင်္ဂနွေ နေ့တိုင်း အသင်းတော်ထဲမှာ မိုးမွှန် နေအောင် ပြော တဲ့ စကားလုံး ကတော့ "ဂေါ့ဒ် ဘလက်စ် ယူ " (God bless you) ဖြစ်ပါတယ်။ တီဗီ ထဲမှာ အော် စကာဆု ရသွားတဲ့ ဟောလီး ဝုဒ်က ကျွှမ်းကျင်သရုပ်ဆောင်တွေ သမ္မတ တွေက "ဂေါ့ဒ် ဘလက်စ် အမေရိကား " လို့ သူတို့ရဲ့ မိန့်ခွန်း အဆုံးမှာ နှုတ်ဆက် ကောင်းကြီး ပေးလေ့ရှိတာကို ကျွန်တော် သတိ ထားမိပါတယ်။ အထူး သဖြင့် အသင်းတော် တရား ဟောဆရာတွေ၊ သင်းအုပ် ဆရာတွေ၊ အခမ်းအနား သဘာ ပတိတွေ မသုံးမဖြစ် သုံးရမဲ့ စကားလဲ ဖြစ်ပါတယ်။ " ဟောသွားတဲ့ တရားဒေသနာ အားဖြင့် သင်တို့ကို ဘုရားသခင် ကောင်းကြီး ပေးပါစေ "ဖတ်သွားတဲ့ ကျမ်းပုဒ် အပေါ်မှာ ကြားနာသူအားလုံး ဘုရားသခင် ကောင်းကြီး ပေးပါစေ " စတဲ့ စကားစု တွေကို အသင်း တော် စည်းဝေးခန်း ထဲမှာ လိုင်လိုင် သုံးတာကို တွေ့ရ ကြားရပါ လိမ့်မယ်။ အဲဒီအခါမှာ တရားနာ ပရိတ်သတ် ထဲက ၉၀ ရာခိုင်နှုန်းခန့်ဟာ "အာမင် " ဆိုတဲ့ စကားကို အာလုပ် သံကြီးနဲ့ လိုက်ပြော ကြပါလိမ့်မယ်။ "အာမင် " ဆိုတဲ့ စကားဟာလဲ သူတို့ ခွန်အားရတဲ့ အပေါ် မူတည်ပြီး အတိုးအကျယ် ရှိပါသေးတယ်။ ခွန်အား အရမ်းရ၊ သဘော အရမ်းကျ လို့ကတော့ "အာမင် " ခေါ်သံဟာ အကျယ်ကြီးနဲ့ ညီညီညာညာ ကြားရသလို၊ သိပ် ခွန်အား မရရင်တော့ မအာမင် ချင်၊ အာမင် ချင်နဲ့ မတိုးမကျယ် မညီမညာ ကြားရ မှာ ဖြစ်ပါတယ်။ အကြောင်းရင်းကို လေ့လာကြည့်တော့ ကျွန်တော် အပါအဝင် ယုံကြည်သူ တွေဟာ ကောင်းကြီးမင်္ဂလာကို သိပ်ကြိုက်ကြပါတယ်။ ကောင်းကြီး သိပ်လိုချင် ကြပါ တယ်။ ကောင်းကြီး မပါရင် မဖြစ်တဲ့ ကျွန်တော်တို့ ခရစ်ယာန် အသိုင်းအဝိုင်း မှာ ကောင်းကြီး မွှန်နေသူတွေ၊ ကောင်းကြီး ပိ နေသူတွေ၊ ကောင်းကြီး ရူး ရူးနေသူ တွေ၊ ကောင်းကြီး မပါရင် ပွဲ မစည်ဘူးလို့ ထင်နေ သူတွေ ရှိနေပါတယ်။ ကောင်းကြီး နောက် တကောက် ကောက် လိုက်နေသူတွေလဲ ရှိနေ ပါတယ်။ ကောင်းကြီးမင်္ဂလာ မရှိတဲ့ နေရာမှာ ဘုရား သခင် မရှိဘူးလို့တောင် ထင်နေ ပါတယ်။ ကောင်းကြီး မရတဲ့ သူဟာ ဘုရားသခင်နဲ့ မမှန် ဘူးလို့ ထင်နေသူတွေ တောင် ရှိနေပြန်ပါတယ်။ ကောင်းကြီး မင်္ဂလာ ရသော သူသာ လျှင် လူတော် လူကောင်း လို့ ထင်သွား တတ်ကြပါတယ်။ လူဆိုတာမျိုးက ကျောက်တူးရင် ကျောက် အောင်ချင်တယ်။ စာမေးပွဲ ဖြေရင် စာမေးပွဲအောင် ချင်တယ်။ နိုင်ငံခြား သွားရင် ဒေါ်လာငွေ စားချင်တယ်။ သဘော်္ဘာ လိုက်ရင် ကားစီး၊ တိုက်ဆောက်ချင်တယ်။ ကောင်းတာ တွေ ကြီးတာတွေကို လိုချင်တဲ့ ယုံကြည်သူအသိုင်းအဝိုင်းမှာ ကောင်းကြီးအကြောင်း ဟောတဲ့ ဆရာဟာ စားသာ သလို ကောင်းကြီးမင်္ဂလာရတဲ့ သူဟာလဲ လူအထင်ကြီး ခံရပြန် ပါတယ်။ ဓမ္မဟောင်း ကျမ်းထဲက လူတစ်စုရဲ့ အဖြစ်အပျက်လေးနဲ့ ဝေမျှချင် ပါတယ်။ ဗက်လင်မြို့မှ သူဌေးကြီး ဗောဇ ဟာ လယ်ယာ ခြံမြေ လုပ်ငန်းကို လုပ်ကိုင် တဲ့သူ ဖြစ်ပါ တယ်။ သူ့မှာ ဇနီးမယားက လွဲရင် ကျန်တာ အားလုံး ပိုင်ဆိုင်တဲ့ သူဌေးလူပျိုကြီး ဖြစ်ပါ တယ်။ လယ်ယာ၊ ခြံမြေ၊ ကောက်ပဲ သီးနှံ၊ ကျွန် ယောကျာ်း၊ ကျွန်မိန်းမ၊ အလုပ်သမား၊ အိမ် တွေနဲ့ ချမ်းသာ ကြွယ်ဝ တဲ့သူ ဖြစ်ပါတယ်။ တစ်နေ့ - အလုပ် များတဲ့ တစ်နေ့မှာပေါ့၊ သူဌေးကြီး ဗောဇဟာ လုပ်ငန်း ခွင်ထဲကို ဝင်လာပါတယ်။ လုပ်ငန်း အခြေအနေ၊ အလုပ်သမား အခြေအနေကို စစ်ဆေးဖို့ ရောက်လာတဲ့ ဗောဇ ဟာ အလုပ်သမားတွေကို နှုတ်ဆက်ပါတယ်။ "ထာဝရ ဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူပါစေသော " တဲ့ (The Lord be with you.NIV)။ သူ့ အလုပ်သမား တွေကလဲ ညီညီညာညာ " ကိုယ်တော်ကို ထာဝရဘုရား ကောင်းကြီး ပေးတော် မူပါစေသော "(The Lord bless you.NIV) လို့ ပြန်နှုတ်ဆက် ကြပါတယ်။(ရုသ - ၂း ၄)။ ဗောဇ နှုတ်ဆက်တဲ့ စကားနဲ့ အလုပ်သမား တွေ ပြန်နှုတ်ဆက်တဲ့ စကား မတူပါဘူး။ လူတစ်စုက "ကောင်းကြီးမင်္ဂလာ" စကားကို သုံးပေမဲ့ လူ တစ်ယောက် က "ထာဝရဘုရားအတူရှိတဲ့" စကားကို သုံးပါတယ်။ လူတစ်စုက ဉာဏ်ပညာ နည်းပါးသူ၊ အလုပ် သမား၊ ကျွန်တွေ ဖြစ်ပါတယ်။ လူတစ်ယောက်က သူဌေး၊ ဉာဏ်ပညာ ကြွယ်ဝသူ၊ ရင့်ကျက်သူ ဖြစ်ပါ တယ်။ လောကမှာ ဉာဏ်တိမ်သူနဲ့ ဉာဏ်ကောင်း သူဟာ အမြင်ချင်း ကွာပါတယ်။ ငယ်ငယ်တုံးကတော့ ရာဘာပူစီပေါင်းကို အဟုတ်ကြီး မှတ်နေ ပေမဲ့။ နည်းနည်း ကြီးလာတော့ ချောကလက်ကို မက်မောတတ်ပါတယ်။ အရွယ် ရောက် လာတော့ လက်ပါတ် နာရီ ရှိမှ လူရာဝင်တယ်လို့ ထင်နေပေမဲ့ အိမ်ထောင်ဦးစီး ဖြစ်လာတဲ့ အခါ မှာတော့ မော်တော်ကားကို ပိုင်ဆိုင်ချင် လာပါတယ်။ အိုမင်းမစွမ်း ဖြစ်တဲ့ အချိန် မှာတော့ ငါ့အတွက် အိမ် ကောင်း ကောင်းတစ်လုံး ရှိမှဖြစ်မယ်လို့ ထင်သွား ပြန်ပါ တယ်။ လူတွေဟာ အသက်အရွယ်၊ ဉာဏ်ပညာ ရင့်လာ တာနဲ့ အမျှ အသိတွေ ဉာဏ်ပညာတွေ ကွာလာပါတယ်။ ငယ်စဉ်က တိမ်တိမ်လေးဘဲ မြင်တတ်ပေမဲ့ ကြီးလာတဲ့ အခါမှာတော့ နက်နက် ရှိုင်းရှိုင်းကို ထိုးဖောက် သိမြင်လာပါတယ်။ အသိဉာဏ် တိမ်တဲ့ ဗောဇရဲ့ အလုပ်သမား၊ ကျွန်တွေ ကတော့ "ကောင်းကြီး မင်္ဂလာ " ဆိုတဲ့ ကလေးအကြိုက် စကားလုံး တိမ်တိမ်လေးထဲမှာ သာယာ နစ်မြော ကာ အဟုတ်ကြီး မှတ်နေပါတယ်။ ဉာဏ် ပညာရင့်သူ ဗောဇ ကတော့ "ထာဝရ ဘုရား သခင်နှင့် အတူရှိခြင်း "ဆိုတဲ့ ဝိညာဉ်ရေးရာ နက်ရှိုင်းတဲ့ အသက်တာကို မက်မောသူ ဖြစ်ပါတယ်။ အလုပ်သမားတွေက ငါတို့သူဌေးကို ကောင်းကြီး တွေ အများကြီး ရပါစေလို့ ပြောလိုက်ရင် သူဌေး အရမ်းသဘောကျမှာဘဲ လို့ ထင်ပြီး "ထာဝရ ဘုရား သည် သင့်ကို ကောင်းကြီးပေးပါစေ " လို့ မျက်နှာလို မျက်နှာရ နှုတ်ဆက် ပေမဲ့ ဗောဇ ကတော့ ကောင်းကြီးမင်္ဂလာ ဆိုတာ ပါးပါးလေးပါ။ ဘုရားသခင် သင် တို့နှင့်အတူ ရှိခြင်း သာလျှင် လောကမှာ အရေးအကြီးဆုံးပါလို့ တရား ဟောသွား ပါတယ်။ စာတန်သည်ပင်လျှင် ကောင်းကြီးမင်္ဂလာကို ပေးနိုင်စွမ်းတဲ့သူ ဖြစ်ပါ တယ်။ ဒ့ါကြောင့် ကမ္ဘာ့ လူဆိုးစာရင်းဝင်များ ကျိကျိတက် ချမ်းသာနေကြပါတယ်။ မတရား အဓမ္မဖြင့် အသက်မွေးသူများ ဆယ်သက် စားမကုန်အောင် စီးပွားဖြစ် နေကြပါတယ်။ အဲဒီလူတွေ ကောင်းကြီး မင်္ဂလာရှိပေမဲ့ ဘုရားသခင်ဟာ သူတို့နှင့် အတူ ရှိ မနေပါ။ ဖြစ်ရပ်မှန်လေး တစ်ခုနဲ့ သာဓက ပြချင်ပါတယ်။ စင်ကာပူနိုင်ငံမှာ ၂၀၀၀ ခုနှစ် ဝန်းကျင် လောက်က ရေပန်း အရမ်းစားတဲ့ အသင်းတော်တစ်ပါး ရှိပါတယ်။ သူတို့ အစီအစဉ်တွေ အရမ်း ကောင်းပါတယ်။ တစ်နာရီ လုံးလုံး ချီးမွမ်း သီချင်း တွေဆို၊ ပြီးတော့ တစ်နာရီ လုံးလုံး တရားဒေသနာ နားထောင်ရပါတယ်။ ချီးမွမ်း သီချင်းတွေကလဲ နိုင်ငံခြားက ရော့ခ်၊ ဟဲဗီးမယ်တယ် အဆိုတော်တွေ ဆိုသလို ပရိတ်သတ်အားလုံးက မတ်တပ် ရပ်ပြီး မြူးမြူး ကြွကြွသံစဉ်မှာ ခုန်ပေါက် လိုက်ကြ။ သံစဉ် အေးအေးလေးဆိုရင် လက်တွေကိုမြှောက် ဘယ်ညာ ယိမ်းပြီး ဆိုလိုက်ကြနဲ့ ဦးဆောင်သူက ပရိတ်သတ် မငြီး ငွေ့အောင် လုပ်သွား ပါတယ်။ သင်းအုပ် တရား ဟော ဆရာကလဲ အဲဒီတုံးက အသက် ၃၀ကျော်သာ ရှိသေးတဲ့ အော်ရင် ဂျင်နယ် စင်ကာပူနိုင်ငံသား ကွန်ပျူတာ သိပ္ပံဘွဲ့ ရ ခေတ်ပညာတတ်သူ၊ အင်္ဂလိပ် စကား အပြော ကောင်းသူ ဖြစ်လို့ ခွန်အားရပါ တယ်။ စည်းဝေးချိန်ကလဲ လူကြီး လူငယ် အချိန် တွေ ခွဲထား ရပါတယ်။ ထိုင်စရာ ခုံကလဲ ပထမ စည်းဝေး မပြီးခင်မှာ နောက် စည်းဝေး က လူတွေက အပေါက်ဝ ကနေ နေရာထိုင်ခုံကို အပြေးအလွှားလုဖို့ အသင့်ပြင် နေကြပါတယ်။ တံခါးမကြီး ပွင့်သွားတာနဲ့ လူတွေ အခန်းထဲ အပြေး အလွှားဝင်ပြီး နေရာ လုကြပါတယ်။ သူငယ်ချင်းတွေအတွက်လဲ စာအုပ် တွေချ၊ လွယ်အိတ်တွေ ချပြီး နေရာ ဦးပေးကြပါ တယ်။ အဲဒီလောက် ထိအောင် လူကြိုက်များတဲ့ အသင်းတော်ပါ။ လူသစ်တွေကိုလဲ ဖက်လှဲတကင်း ကြိုဆိုနှုတ်ဆက် ဖုန်းနံပါတ်တောင်း ဆက်သွယ် မိတ်ဖွဲ့ကာ သူတို့ အသင်းတော်ထဲ မဝင်ဝင်အောင် လုပ်တတ်ကြပါတယ်။ အပါတ်စဉ် ပုံမှန် ဘုရား ရှိခိုးရသလို နောက်ထပ် ဒေါ်လာသန်းပေါင်းများစွာ တန်တဲ့ အဆောက်အဦး အသစ်ကို ဆောက်နိုင်တဲ့အထိ ငွေကြေးတောင့်တင်းပါတယ်။ ဒါပေမဲ့ မကြာခင် နောက် ၁၀နှစ် လောက်အကြာမှာ ငွေရေးကြေးရေး ကိစ္စနဲ့ သင်းအုပ်ဆရာ ဇနီးမောင်နှံအပြင် အခြားသော အသင်းတော် ခေါင်းဆောင် များပါ တရားစွဲခံ ထိကြပါတယ်။ စင်ကာပူနိုင်ငံထုတ် တရုတ်၊ အင်္ဂလိပ် သတင်းစာ တွေ အပြင် တီဗီ အစီအစဉ် သတင်းမှာတောင် သူတို့ တရားစွဲခံရတဲ့ အကြောင်း ရေးသား ဖော်ပြကြပါတယ်။ yahoo web site ထဲမှာ သူတို့ အကြောင်း အသေးစိတ် သတင်းတစ်ပုဒ် ရေးထားတော့ အဲဒီအသင်းတော်က သင်းဝင် သူ စင်ကာပူနိုင်ငံသား အချို့ဝေဖန်တဲ့ စာတွေ comment ရေးထားကြတာကို တွေ့ရပါ တယ်။ စာနာ တတ်သူတွေကတော့ ဖာဖာထေးထေးနဲ့ သူတို့ဘက်က ကာရေးကြပေမဲ့ တစ်ချို့ ကတော့ ပြစ်ပြစ်နှစ်နှစ် ဝေဖန်ထားပါတယ်။ ကျွန်တော် ဖတ်မိတဲ့ ဝေဖန် ချက်လေး တစ်ခု ကတော့။ "တော်ပြီကွာ။ ဘုရားတရား သမားတွေကို ငါ ကြောက်သွားပြီး free thinker ဘဲ လုပ်တော့မယ် "လို့ရေးသွားပါတယ်။ ကောင်းကြီး မင်္ဂလာသည် တစ်ခါတစ်ရံ လူကို ရှုံးနိမ့် စေပါတယ်။ ကျဆင်း စေပါတယ်။ ဘုရားနှင့် ဝေးကွာ စေပါတယ်။ ကျမ်းစာထဲမှာ ကောင်း သောသူ၊ မကောင်းသောသူ အပေါ်မှာ မခွဲခြား ဘဲ နေကို ပူစေ၊ မိုးကို ရွာစေမယ်လို့ ပြောထား ပါတယ်။ (အဓိပ္ပါယ်ကတော့ ကောင်းသူ၊ ဆိုးသူ မခွဲခြားဘဲ ကောင်းကြီး ရမှာ ဖြစ်ပါတယ်။) ကောင်းတဲ့ သူတွေ ချည်းဘဲ ကောင်းကြီး ရမယ်လို့ မဆိုလိုပါ။ မကောင်းတဲ့ သူတွေတောင် ကောင်းကြီး တွေရလို့ လူကောင်းလို့ သူများက ထင်သွားတတ်ပါတယ်။ ကောင်းတဲ့သူလဲ ကောင်းကြီး မင်္ဂလာ မရတဲ့အတွက် သူများက မကောင်းတဲ့ သူလို့ ထင်သွားတတ် ပါတယ်။ ဓမ္မသစ် ကျမ်းထဲက ပေါလု၊ မြန်မာပြည်သူသားများရဲ့ ကျေးဇူးရှင် ဆရာကြီး ယုဒသန် တို့ဟာ ကောင်းကြီးမင်္ဂလာထက် ဘုရားသခင်နှင့် အတူရှိခြင်း၊ ဘုရား သခင် သူတို့ နဲ့ အတူရှိခြင်းကို မက်မောတဲ့ သူတွေဖြစ်ပါတယ်။ မိတ်ဆွေကရော ကောင်းကြီး မင်္ဂလာကို မက်မောသူလား။ (God bless you) လား။ ဘုရားသခင်နှင့် အတူ ရှိခြင်းကို တောင့်တတဲ့သူလား။ (God with you) လား။ ကောင်းကြီးမင်္ဂလာ ရှိသူတိုင်းမှာ ဘုရားသခင် အတူ မရှိနိုင်ပါ။ ထာဝရဘုရားသခင်နှင့် အတူရှိသောသူသာ စစ်မှန်သော ကောင်းကြီး မင်္ဂ လာကို ရသောသူ ဖြစ်ပါတယ်။ ဧမာနွေလ တည်းဟူသော ဘုရားသည် ငါတို့နှင့်အတူ ရှိတော်မူသော ဘုရား ဖြစ်ပါတယ်။

။ **မင်းအောင်သက်လွင်**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ ) Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076

**E-mail; thelordword@gmail.com (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

**မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်**